## ဝန်ကြီးချုပ်၏ တောင်းပန်စာ

နိုင်ရာသံစွဲ မြရာတွင် သံပတ်သကဲ့သို့ နောက်ထပ်၍တဖန် ဝန်ကြီးချုပ်ထံမှ တောင်းပန်လျှောက်ကြားစာ အခိုင်အမာ ရောက်ရှိလာပြန်သည်မှာ——

### နိုင်ငံတော်ဝန်ကြီးချုပ်၏ တောင်းပန်လျှောက်ကြားစာ (မူရင်းအတိုင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ကြီးချုပ်

နေ့စွဲ၊ ၁၉၅၅-ခု ဒီဇင်ဘာလ (၂၈) ရက်၊ အတိတ် သာသနာတော်နှစ် ၂၄၉၉-ခု၊ မြန်မာသက္ကရာဇ် ၁၃၁၇-ခု နတ်တော်လဆန်း ၁၄ ရက်။

### တောင်းပန်လျှောက်ကြားစာ

ဘုရားတပည့်တော် ရိုသေလေးမြတ်စွာ လျှောက်ကြားတောင်းပန်အပ်ပါသည် "ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒနှင့် ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်ရ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်မြတ်ဘုရား၊

ဗုဒ္ဓေါ ဗုဒ္ဓေါတိ ဃောသော အတိဒုလ္လဘတရော-ဟူ၍ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာကြီးသည် မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ထုတ်ဖော်ချီးကျူး အထူးရှိခိုးခြင်း ပြုတော်မူခဲ့ပါသောကြောင့် ဤကမ္ဘာလောကကြီးအတွင်း၌ "မြတ်စွာဘုရား မြတ်စွာဘုရား"ဟူသော အသံမျှကိုပင် ကြားရဖို့ရန် အလွန်ခဲယဉ်းသည်ဟူ၍ငှင်း၊ "မြတ်စွာဘုရား မြတ်စွာဘုရား" ဟူ၍ နှုတ်ဖြင့် ရွတ်ဆိုနိုင်ဖို့ရန်မှာလည်း အလွန်ခက်ခဲသည်ဟူ၍ငှင်း သိကြရပါသည်။

ဤအရာ၌ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ရွတ်ဆိုကြသော "မြတ်စွာဘုရား မြတ်စွာဘုရား"ဟူသော အသံကို ဗုဒ္ဓဘာသာဝင် မဟုတ်သော ပုဂ္ဂိုလ်တို့သည် အလွယ်တကူ ကြားသိကြရသော်လည်း မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို မသိ နားမလည်ကြသောကြောင့် ကောင်းစွာ ကြားရသည်ဟု မဆိုနိုင်ပါ။

ဥပမာအားဖြင့်—ဤကမ္ဘာလောကကြီးအတွင်း၌ စကြာမင်းတို့သာ သုံးဆောင်ထိုက်သော မနောမယ ပတ္တမြားရတနာကြီးကို တွေ့မြင်ကြည့်ရှုကြကုန်သော သူတို့အနက် ဤပတ္တမြားရတနာကြီး၏ ထူးခြားပုံ လွန်ကဲ မြင့်မြတ်ပုံတို့ကို မသိကြကုန်သောသူတို့သည် သာမည ကျောက်ရတနာမျိုးကဲ့သို့ သဘောထားကြပါလိမ့်မည်၊ ဤပတ္တမြားရတနာကြီး၏ ထူးခြားပုံ လွန်ကဲမြင့်မြတ်ပုံတို့ကို စုံလင်စွာ သိကြကုန်သောသူတို့မှာမူကား အားရနှစ်ခြိုက်စွာ တစိမ့်စိမ့် ကြည့်လျက် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြပါလိမ့်မည်။

ဤအလားတူပင်လျှင် ထိုမနောမယ ပတ္တမြားရတနာကြီးထက် အတိုင်းမသိ အပရိမာဏ ဆဆလွန်ကျူး၍ အထူးသဖြင့် မြင့်မြတ်တော်မူသော ဘုန်းတော် ကံတော်



ဉာဏ်တော် တန်းခိုးတော်အနန္တတို့၏ အရှင် သဗ္ဗညုမြတ်စွာဘုရားသခင်တည်းဟူသော အတုလရတနာတော်ကြီး၏ အကြောင်းအရာကို သိရှိနားလည်ကြပါကုန်မူကား ဗုဒ္ဓသာသနာတော်ကြီးကို မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါလည်းငှင်း ကြည်ညိုပြီးသောသူတို့အားလည်း အတိုင်းထက် အလွန် သဒ္ဒါတရား တိုးပွါးခြင်းငှါလည်းငှင်း ကောင်းစွာ ဖြစ်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ပါသောကြောင့်—လောကသုံးပါး၌ အတုမရှိ လွန်ကဲမြင့်မြတ်တော်မူသော ဘုန်းတော် ကံတော် ဉာဏ်တော် တန်းခိုးတော်အနန္တတို့၏ အရှင် သဗ္ဗညုမြတ်စွာဘုရားသခင်၏ အကြောင်းအရာ အဋ္ဌုပ္ပတ်တော် အစဉ် ဗုဒ္ဓဝင်ကျမ်းတော်ကြီးကို သိလို နားလည်လို သိနားလည်စေလိုကြပါသောကြောင့် အကောင်းမွန်ဆုံး အပြည့်စုံဆုံး အစေ့စပ်ဆုံးဖြစ်သော ဗုဒ္ဓဝင်ကျမ်းကြီးကို ဖန်တီးစီရင်တော်မူရန် တောင်းပန်လျှောက်ထားအပ်ပါသည် ဘုရား။

ဤဗုဒ္ဓဝင်ကျမ်းကြီးတွင် တပည့်တော်တို့ အဓိကလိုလားသော အချက်ကြီးတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်—


(၁) ပါဠိ အဋ္ဌကထာ ဋီကာ အနု မဓု ယောဇနာ ဂဏ္ဌိ ဝိနိစ္ဆယ ဂန္ထန္တရ အဝဝတို့၌ လာရှိသည့်အတိုင်း သေးငယ်သည်ဟူ၍ငှင်း တိမ်မြုပ်သည်ဟူ၍ငှင်း နက်နဲသည်ဟူ၍ငှင်း ခက်ခဲသည်ဟူ၍ငှင်း အစရှိသည်ဖြင့် တစုံတစိမျှ မချန်မလှပ် မကြွင်းမကျန် ပါဝင်စေလိုခြင်း၊

(၂) ဂေါတမမြတ်စွာဘုရားသခင် ဝါတော် လေးဆယ့် ငါးဝါပတ်လုံး ဟောကြားတော်မူခဲ့သော သုတ် အဘိဓမ္မာ ဝိနည်းပိဋကတ် တရားတော်တို့ကို အသီးအသီး တသုတ်စီ တသုတ်စီ စသည်ဖြင့် လိုရင်းအကျဉ်းချုပ်ကို ရေးသားစီရင်၍ ပြည့်ဝစုံလင်အောင် ထည့်သွင်းပါဝင်စေလိုခြင်း၊

(၃) ရှေးက ပေါ်ပေါက်ခဲ့ပြီးသော ဗုဒ္ဓဝင်ကျမ်းစာ အစောင်စောင်တို့ထက် သာလွန်ပြည့်စုံ ကုံလုံစေ့စပ်၍ ဖတ်နာမဝ ကြည်ညိုအားရဘို့ ကောင်းလှသော ဗုဒ္ဓဝင်ကျမ်းကြီး ဖြစ်စေလိုခြင်း၊

(၄) ဂေါတမမြတ်စွာဘုရား သာသနာတော် အနှစ် "နှစ်ထောင့်ငါးရာ"သို့ ရောက်သော အချိန်အခါက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်မြတ် တပါး စီရင်တော်မူခဲ့သော မဟာဗုဒ္ဓဝင်ကျမ်းကြီးဖြစ်သောကြောင့် နောင်လာနောက်သား လူအများတို့၏ ပစ္စုပ္ပန် တမလွန် နိဗ္ဗာန် အကျိုးစီးပွါးအလို့ငှါ အနာဂတ် သာသနာတော် နှစ်ပေါင်း နှစ်ထောင် ငါးရာတိုင်အောင် သာသနကျောက်တိုင် မော်ကွန်းကြီးအဖြစ်ဖြင့် ပြည့်နှံ့ စိုက်ထောင်ထားစေလိုခြင်း....

ဤအချက်ကြီးတို့နှင့် ပြည့်စုံကြွယ်ဝသော မဟာဗုဒ္ဓဝင်ကျမ်းထူး ကျမ်းမြတ်ကြီးကို နောင်လာနောက်သား လူအများတို့၏အကျိုးငှါ ငဲ့ညှာထောက်ထား သနားတော်မူသည်ကို အကြောင်းပြု၍ ယထာဗလ ယထာထာမ ဉာဏဝရဇိန် မြှောက်ချိန်လှစ်ဖွင့် ချီးမြှင့်ရေးသား စီရင်ပေးသနားတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ကြားအပ်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။



၂၈ / ၁၂ / ၅၅

### ဤမဟာဗုဒ္ဓဝင်ကျမ်း စီစဉ်ပုံ

ဆိုအပ်ပြီးသည့် လွန်စွာကျယ်ပွါး မှတ်သားဖွယ်ပြည့်နှက် အဓိပ္ပါယ်နဲ့နက်လှသည့် ဆရာကြီး၏တသက်တာ ပညာတံခွန် အဆုံးသတ် လွှင့်တင်ခဲ့သည့် စာမူတည်းဟူသော ဗဟုသုတဘဏ်တိုက်ကြီးကို မူလအစီအစဉ်အတိုင်း ရိုက်နှိပ်စေပါက ဗုဒ္ဓဝင်စာဖော်စေ ပရိသတ်တို့၏ ဉာဏ်တွင် အဖတ်ခက် အမှတ်ခက် ရောယှက်ရှုပ်ထွေးလေရာသောကြောင့်—

(၁) ဗုဒ္ဓဝင်စာသားကို သီးခြားစီစဉ်ခြင်း၊

(၂) ဗုဒ္ဓုပ္ပါဒဒုလ္လဘအခဏ်း (၂)ကို အသစ်ပြင်ဆင်စီစဉ်ရေးသား၍ နာယကဆရာတော်များ၏ သဘောတူညီချက် ရပြီးမှ မူအတည်ဖြစ်စေခြင်း၊

(၃) ပကိဏ္ဏက ခဏ်း = ဘုရားဆုပန် ပုဂ္ဂိုလ်တိုင်း လိုက်နာသိရှိ ဖြည့်ကျင့်ရမည့် အကြောင်းအရာ အပြည့်အစုံတို့ကို အသစ်ထည့်သွင်းရေးသားခြင်း၊

(၄) ဗုဒ္ဓဝင်စာသားကို သီးခြားစီစဉ်၍ အဓိပ္ပါယ်အဆုံးအဖြတ် မှတ်သားဖွယ်တို့ကို "အနုဒီပနီ"ဟူသော အမည်ဖြင့် ပဉ္စမတွဲ အပိုင်း(၁)၏ နောက်ဆက်တွဲ အဖြစ် အပြည့်အစုံ ဖော်ပြခြင်း၊

(၅) အယူအမှတ် ခဲခက်မည့် စာသုံးဝေါဟာရ အချို့တို့ကို သိလွယ်သော မြန်မာဝေါဟာရသို့ ပြောင်းလဲပြန်ဆိုခြင်း—

စသည်ဖြင့် ဤမဟာဗုဒ္ဓဝင်ကျမ်းကို စီစဉ်ရေးသားအပ်ပေသည်။

ဤမဟာဗုဒ္ဓဝင် ကျမ်းကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ စာပုံနှိပ်တိုက်တွင် စက်တင်ပုံနှိပ်သည့်အခါ မဟာပညာဗလ ပါဠိ-ပါမောက္ခ စာပြင်မှူးချုပ် ဆရာကြီးဆရာဉာဏ်က(ပရ) ကြည့်ရှု၍ ကြပ်မစောင့်ရှောက်ကြောင်း။